Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized

မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို
အမှတ်(၆)

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရိုစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပံ့မှန်ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရုပ်ရှာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG

THE WORLD BANK
IBRD • IDA

# ကြိမ်နှုန်းမြင့် အိမ်ထောင်စု စောင့်ကြည့်လေ့လာမှုမှ သတင်းအချက်အလက်များ

## တတိယအကြိမ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၂၀ ရက်နေ့အထိ



## အဓိကသတင်းစကားများ

*ဤစာတမ်းတိုတွင် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးမှ ကျပန်းရွေးချယ်ထားသော အိမ်ထောင်စုပေါင်း ၁,၅၀၀ အား ရစ်ကြိမ်တိုင် စစ်တမ်းကောက်ယူမည့် တစ်နိုင်ငံလုံး ကိုယ်စားပြုသော စစ်တမ်း၏ တတိယအကြိမ်မှ အဓိကတွေ့ရှိချက်များကို တင်ပြထားပါသည်။ ဤစစ်တမ်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နှင့် ဩဂုတ်လ ၂၀ ရက်အကြားတွင် ဖြေဆိုသူများထံ မိနစ် ၂၀ ကြာ ဖုန်းခေါ်ဆို၍ မေးမြန်းသည့်နည်းလမ်းဖြင့် ကောက်ယူပါသည်။*

၁



အလုပ်အကိုင်ရရှိမှုအခြေအနေသည် တိုးတက်လာသော်လည်း ၂၀၂၀ ပြည့်နှစ်၊ မတ်လက အခြေအနေသို့ ပြန်လည် မရောက်ရှိသေးပါ။ အိမ်ထောင်စုများရှိ အဓိကလုပ်သားများ၏ ၁၅ ရာခိုင်နှုန်းသည် ဩဂုတ်လတွင် အလုပ်မရှိဘဲ ဖြစ်နေဆဲ ဖြစ်ပါသည်။ ဤရလဒ်သည် စားသုံးမှုငါးစိတ်ပိုင်းများအားလုံးတွင် ဆင်တူတွေ့ရပါသည်။

၂




ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများထက် ပိုမိုမြန်ဆန်စွာ ပြန်လည်ထူထောင်နိုင်ပုံ ရပါသည်။ လုပ်ခ/လခစား အလုပ်မှ ဝင်ငွေများရော၊ အခြားလုပ်ငန်းများမှ ဝင်ငွေများပါ ၂၀၂၀ ပြည့်နှစ်၊ မတ်လမတိုင်မီကထက် နည်းပါးနေဆဲဖြစ်သော်လည်း ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ ပိုင်ဆိုင်သည့်လုပ်ငန်းများသည် ပို၍အထိနာပြီး အောက်ဆုံး ငါးစိတ်ပိုင်းအတွင်းတွင် လွှဲပို့ငွေများ လက်ခံရရှိမှု နည်းပါးသွားသည် သို့မဟုတ် လုံးဝမရရှိတော့ဟုဆိုသော အိမ်ထောင်စုများမှာ ပိုများပါသည်။

၃



ဇွန်လမှာကဲ့သို့ပင် ဩဂုတ်လတွင် စားနပ်ရိက္ခာမဖူလုံမှုသည် စိုးရိမ်ပူပန်စရာကိစ္စအဖြစ် ရှိနေဆဲဖြစ်သည်။ အစိုးရ၏ အကူအညီများ၊ အထူးသဖြင့် လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့် အစီအစဉ်သည် ချမ်းသာသော အိမ်ထောင်စုများကို ပို၍အကျိုးပြုပါသည်။ စားနပ်ရိက္ခာနှင့် ငွေကြေးအထောက်အပံ့များသည် အဆင်းရဲအနွမ်းပါးဆုံး အိမ်ထောင်စုများ၏ ၁၇ ရာခိုင်နှုန်းထံသို့ ရောက်ရှိခဲ့ပါသည်။

**မြန်**မာနိုင်ငံကိုဗစ်-၁၉စောင့်ကြည့်လေ့လာမှု (Myanmar COVID-19 Monitoring Platform) တွင် **ဧပြီလနှင့် မေလအစောပိုင်းတွင် ဗိုင်းရပ်စ်ပြန့်ပွားမှု ထိန်းချုပ်ရေး တင်းကျပ်စွာ ဆောင်ရွက်မှုများသည် အလုပ်အကိုင်များအပေါ် ကြီးမားသော သက်ရောက်မှုများရှိကြောင်း ဖော်ပြထားပါသည်။** မေလတွင် အိမ်ထောင်စုများ၏ အဓိကလုပ်သား ထက်ဝက်ကျော်သည် သဘောဆန္ဒအလျောက် မဟုတ်ဘဲ အလုပ်ရပ်နားခဲ့ရပြီး အလုပ်ဆက်လုပ်နေသူများ၏ ထက်ဝက်ကျော်သည်လည်း မတ်လကထက် နည်းပါးသော ဝင်ငွေကိုသာ ရရှိကြပါသည်။ မေလနှောင်းပိုင်းတွင် အဆိုပါ ထိန်းချုပ်ကန့်သတ်ချက်များ တစ်ဆင့်ချင်း ဖြေလျှော့ခဲ့ခြင်းကြောင့် ဇွန်လတွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်သော အိမ်ထောင်စုများ၏ အဓိကလုပ်သားများ ပိုများလာစေပြီး ၎င်းတို့ထဲတွင် မတ်လကထက် နည်းပါးသောဝင်ငွေဖြင့် လုပ်ကိုင်ရသူ ပိုနည်းလာပါသည်။ အစိုးရ၏ ကူညီထောက်ပံ့မှုများသည်လည်း တိုးမြင့်လာပြီး ယခင်ကထက် ဇွန်လတွင် အစိုးရအကူအညီများ ရောက်ရှိသည့် အိမ်ထောင်စုအရေအတွက် ပိုများလာပါသည်။

**ဤစစ်တမ်းကောက်ယူချိန်တွင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၃၆၀ ဦးနှင့် သေဆုံးသူ ၆ ဦး ရှိပါသည်။** ထိုအချိန်တွင် နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များကို ပြန်လည်ပျံသန်းခွင့် မပြုသေးသော်လည်း နိုင်ငံတစ်ဝှမ်းရှိ အသွားအလာကန့်သတ်မှု အစီအမံအများစုကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။ စောလျင်စွာ ပြန်လည်ထူထောင်မှုကို ညွှန်ပြသည့် အစောပိုင်းတွေ့ရှိချက်များကို နောက်ဆုံးရအချက်အလက်များနှင့် ထပ်မံဖြည့်စွက် ပြင်ဆင်နိုင်ရန် မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ တတိယအကြိမ်စစ်တမ်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကောက်ယူခဲ့ပါသည်။ တတိယအကြိမ်စစ်တမ်းတွင် ဖြေဆိုသူအသစ်များနှင့်အတူ ဇွန်လက ဖြေဆိုခဲ့သူ လေးဦးထဲမှ သုံးဦးခန့်ကို ဆက်သွယ်မေးမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပိုမိုပြင်းထန်သည့် ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာပြီး ဩဂုတ်လ ၁၆ ရက်မှ စတင်၍ ထိန်းချုပ်ကန့်သတ်ချက်အသစ်များ စတင်ချမှတ်ခဲ့ပါသည်။ ထိုသို့မဖြစ်ပွားမီ ထိန်းချုပ်ကန့်သတ်မှုများ ဖြေလျှော့ပေးခဲ့မှုနှင့်အတူ အိမ်ထောင်စု၏ အခြေအနေ တိုးတက်မှုများဆီသို့ ဦးတည်နေပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုများနှင့် စီမံခန့်ခွဲ ဖြေရှင်းမှုနည်းလမ်းများကို ဩဂုတ်လအကြိမ်စစ်တမ်းတွင် ဆက်လက်စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

**စားသုံးမှုငါးစိတ်ပိုင်းများ[1]အားလုံးနှင့် ကဏ္ဍများအားလုံးရှိ အိမ်ထောင်စုများသည် ဇွန်လမှစတင်၍ ပြန်လည်ထူထောင်လာနိုင်ပြီးဩဂုတ်တွင်ပြန်လည်ထူထောင်မှုများကိုဆက်လက်တွေ့ရှိရပါသည်။** ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် စားသုံးမှု ငါးစိတ်ပိုင်းများအားလုံးမှ အိမ်ထောင်စုများ၏ အလုပ်လုပ်မနေသော အဓိကလုပ်သားများ အချိုးအစား (၁၅ ရာခိုင်နှုန်း) သည် မေလ (၅၄ ရာခိုင်နှုန်း) နှင့် ဇွန်လ (၃၅ ရာခိုင်နှုန်း) များနှင့် နှိုင်းယှဉ်လျှင် ပိုမိုနည်းပါးပါသည်။ ကုန်ကြမ်းများကို ပြုပြင်စီမံထုတ်လုပ်သည့် လုပ်ငန်းများ (ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး) နှင့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်သော အိမ်ထောင်စုများ၏ အဓိကလုပ်သားများသည် အခြားကဏ္ဍများတွင် လုပ်ကိုင်သူများထက် ဩဂုတ်လတွင် အလုပ်လက်မဲ့ ဖြစ်နိုင်ခြေ ပိုများပါသည်။ တစ်ချိန်တည်းမှာပဲ ဇွန်လနှင့် ဩဂုတ်လတို့တွင် စစ်တမ်းကောက်ခဲ့သော အိမ်ထောင်စုများ (ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ)ကို လေ့လာကြည့်လျှင် မတ်လနှင့် ဇူလိုင်လအကြားတွင် အလုပ်မလုပ်ခဲ့ရသော အိမ်ထောင်စုများ၏ အဓိကလုပ်သား ငါးဦးတွင် တစ်ဦးသည် ဩဂုတ်လတွင် အလုပ်လုပ်နေပါသည်။ အဆိုပါလုပ်သား ဆယ်ဦးတွင် သုံးဦးနီးပါးသည် စိုက်ပျိုးရေးကဏ္ဍမှဖြစ်ပြီး စပါးစိုက်သည့် လယ်ကွင်းများတွင် ပေါင်းရှင်းရန်နှင့် ရွှေဖရုံသီးနှင့် သခွားသီး ခူးဆွတ်ရန် လုပ်သားလိုအပ်ချက် မြင့်မားလာခြင်းကြောင့် ဖြစ်နိုင်ပါသည်။[2]

**အလုပ်အကိုင်ရရှိမှုအခြေအနေ တိုးတက်လာသော်လည်း အချို့အိမ်ထောင်စုများသည် ပိုမိုနည်းပါးသော ဝင်ငွေများကိုသာ ဆက်လက်ရရှိနေပါသည်။** အိမ်ထောင်စုများ၏ အဓိကလုပ်သား သုံးပုံတစ်ပုံကျော်သည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ယခင်ကထက် ပိုနည်းသော ဝင်ငွေများကို ရရှိကြောင်းဆိုပါသည်။[3] "လက်လီနှင့် တစ်ကိုယ်ရေဝန်ဆောင်မှုလုပ်ငန်းများ" တွင် လုပ်ကိုင်သော အိမ်ထောင်စုများ၏ အဓိကလုပ်သားများ (၄၄ ရာခိုင်နှုန်း) သည် အခြားကဏ္ဍများမှ အိမ်ထောင်စု အဓိကလုပ်သားများထက် ပိုမိုနည်းပါးသည့်ဝင်ငွေများ ရရှိနိုင်ခြေ ပိုများပါသည်။ လက်လီရောင်းဝယ်ရေးကဏ္ဍသည် ဘေးအန္တရာယ်မှ စောလျင်စွာ ပြန်လည်ထူထောင်နိုင်စွမ်း အနည်းဆုံး ဖြစ်ဟန်တူပါသည်။ အကြောင်းမှာ စားသုံးသူများ၏ အမူအကျင့်များပြောင်းလဲမှုနှင့် ဝယ်လိုအားကျဆင်းမှုများကြောင့် ဖြစ်နိုင်ပါသည်။ အဓိကလုပ်သားများအကြား ပိုမိုနည်းပါးသော လုပ်ခ/လစာများ ရရှိမှုကို ငါးစိတ်ပိုင်းများအားလုံးတွင် တွေ့ရှိရချိန်တွင် အဆင်းရဲ အနွမ်းပါးဆုံး အိမ်ထောင်စုများသည် ပို၍ချမ်းသာသော အိမ်ထောင်စုများထက် လွှဲပို့ငွေများကို ဆုံးရှုံးနိုင်ခြေ ပိုများပါသည်။ လွှဲပို့ငွေများ လျော့ကျသွားခြင်းသည် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုများ ပြန်လည်စတင်မှု မရှိသေးခြင်းနှင့် ပြည်တွင်းရွှေ့ပြောင်း လုပ်သားများ အခက်အခဲဖြစ်နေခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။

**ဩဂုတ်လတွင် တစ်နိုင်ငံလုံး၏ ပျမ်းမျှနှုန်းနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေလျော့ကျသွားသည်ဟုဆိုသော အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများသည် အောက်ဆုံးစားသုံးမှု ငါးစိတ်ပိုင်းအတွင်းတွင် ပိုများပါသည်။** ဩဂုတ်လတွင် အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်ကျော်သည် ပိုမိုနည်းပါးသော ဝင်ငွေများကို ရရှိနေသည်ဟုဆိုကြပြီး အောက်ဆုံးငါးစိတ်ပိုင်းအတွင်းတွင် ထိုသို့ဖြေကြားသော အိမ်ထောင်စုများသည် ၆၅ ရာခိုင်နှုန်းအထိ ရှိပါသည်။ အောက်ဆုံးနှင့် ထိပ်ဆုံး စားသုံးမှု ငါးစိတ်ပိုင်းများအကြား ဝင်ငွေများ ကွာဟမှုသည် အကျပ်အတည်းကြောင့် ပို၍ကြီးမားလာနိုင်ပါသည်။ ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ (panel households) ကို ကြည့်လျှင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ဝင်ငွေဆုံးရှုံးခဲ့ရသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ဩဂုတ်လတွင်လည်း အခြေအနေ ပိုကောင်းလာခြင်းမရှိဘဲ ဝင်ငွေအဆင့်သည် မပြောင်းလဲဘဲ ရှိနေသည် (စီးပွားရေးလုပ်ငန်းများ၏ ၃၇ ရာခိုင်နှုန်း) သို့မဟုတ် ဝင်ငွေသည် ပို၍ပင် နည်းသွားသည် (စီးပွားရေးလုပ်ငန်းများ၏ ၅၂ ရာခိုင်နှုန်း) ဟုဆိုပါသည်။ တစ်ဖန် လက်လီနှင့် တစ်ကိုယ်ရေ ဝန်ဆောင်မှုများကဏ္ဍမှ စီးပွားရေးလုပ်ငန်းများသည် အရှုံးကန်ရဆုံး ဖြစ်နေပြန်ပြီး မတ်လနှင့် ဇွန်လအကြားတွင် ဝင်ငွေလျော့နည်းသွားသည်ဟု ဆိုသော လုပ်ငန်းများ၏ ၅၅ ရာခိုင်နှုန်းသည် ဩဂုတ်လတွင် ဝင်ငွေ ပိုနည်းသွားသည် သို့မဟုတ် ဝင်ငွေမရှိဟု ဆိုပါသည်။

**လယ်ယာလုပ်ငန်းများသည် မေလနှင့် နှိုင်းယှဉ်လျှင် ဩဂုတ်လတွင် သွားလာမှုကန့်သတ်ချက်များ ဖြေလျှော့လိုက်သောအခါ အခြေအနေတိုးတက်လာပါသည်။** ၂၀၂၀ ပြည့်နှစ်၊ မတ်လမတိုင်မီက အိမ်ထောင်စုများ၏ ၄၄ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေပါသည်။ မေလတွင် အဆိုပါ အိမ်ထောင်စုများ၏ ၄၅ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်မှုမရှိ ဟုဆိုသော်လည်း ဩဂုတ်လတွင် ထိုသို့ဆိုသော အိမ်ထောင်စုသည် ၁၀ ရာခိုင်နှုန်းသာ ရှိပါသည်။ လယ်ယာလုပ်ငန်း မလုပ်နိုင်သော အိမ်ထောင်စုအများစုက မလုပ်နိုင်ရခြင်း အဓိကအကြောင်းရင်းသည် သွင်းအားစုများကို ဝယ်ယူနိုင်ခြင်း၊ သယ်ယူပို့ဆောင်နိုင်ခြင်း မရှိသောကြောင့်ဟု ဆိုပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများ၏ ထက်ဝက်သည် မတ်လတွင် ၎င်းတို့၏ လယ်ယာထွက်ကုန်များကို ဈေးတွင် တိုက်ရိုက်ရောင်းချခဲ့ကြပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်သော အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ဩဂုတ်လတွင် ထုတ်ကုန်များကို ရောင်းချနိုင်သည့် ဈေးကွက်လမ်းကြောင်းတစ်ခု ဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထဲမှ ၄ ရာခိုင်နှုန်းကသာ ဈေးကွက်လမ်းကြောင်းအသစ်တစ်ခုကို ရှာဖွေရရှိနိုင်ခဲ့ပါသည်။

**ဩဂုတ်လတွင် အိမ်ထောင်စုများသည် ဝင်ငွေဆုံးရှုံးမှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် စားသုံးမှုများကို ဆက်လက်လျှော့ချနေရပြီး လုံလောက်သော အစာအာဟာရ ရရှိရေးအတွက် ရုန်းကန်နေကြရသည်ဖြစ်ရာ စားနပ်ရိက္ခာဖူလုံမှုသည် စိုးရိမ်ပူပန်ရသည့် ကိစ္စတစ်ခု ဖြစ်နေဆဲပင် ဖြစ်ပါသည်။** အားတက်ဖွယ်ကောင်းသည်မှာ လွန်ခဲ့သော ရက် ၃၀ အတွင်း ပုံမှန်ထက်လျှော့စားရသော အရွယ်ရောက်သူ အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုသည် ဇွန်လတွင် ၁၃ ရာခိုင်နှုန်းရှိသော်လည်း ဩဂုတ်လတွင် ၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားပါသည်။ သို့သော် ဩဂုတ်လတွင် ဆာလောင်သော်လည်း မစားခဲ့ရသော အရွယ်ရောက်သူ အနည်းဆုံးတစ်ဦးရှိသည်ဟု ဆိုသော အိမ်ထောင်စုများ (၈ ရာခိုင်နှုန်း၊ ဇွန်လတွင် ၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်) သို့မဟုတ် တစ်နေကုန် ဆာလောင်ခဲ့ရသော အရွယ်ရောက်သူ အနည်းဆုံးတစ်ဦးရှိသည်ဟုဆိုသော အိမ်ထောင်စုများ (၆ ရာခိုင်နှုန်း၊ ဇွန်လတွင် ၂ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်) တိုးလာပါသည်။ ဩဂုတ်လတွင် စားနပ်ရိက္ခာမဖူလုံမှု အတွေ့အကြုံတိုင်းတာမှုစနစ် (FIES)[4] ကို အသုံးပြု၍ တိုင်းတာသောအခါ အိမ်ထောင်စုများ၏ ၁၁ ရာခိုင်နှုန်းသည် အသင့်အတင့် သို့မဟုတ် ပြင်းထန်သော စားနပ်ရိက္ခာ မဖူလုံမှုကို တွေ့ကြုံခဲ့ကြောင်း တွေ့ရပါသည်။ ပိုနည်းသော စားသုံးမှု ငါးစိတ်ပိုင်းများအတွင်းရှိ အိမ်ထောင်စုများ၏ ၂၁ ရာခိုင်နှုန်းခန့်သည် စားနပ်ရိက္ခာမဖူလုံမှု အတွေ့အကြုံတိုင်းတာမှုစနစ်တွင် အသုံးပြုသည့် အတိုင်းအတာရှစ်ခုအနက် အနည်းဆုံးတစ်ခုတွင် စားနပ်ရိက္ခာမဖူလုံမှု ရှိနေပါသည်။ ဇွန်လတွင် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ပြဿနာ အနည်းဆုံးတစ်ခု ကြုံတွေ့ရသည်ဟုဆိုသော ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် ဩဂုတ်လတွင်လည်း ထိုသို့သော ပြဿနာအနည်းဆုံးတစ်ခု ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် မည်သည့် စားနပ်ရိက္ခာဖူလုံမှုပြဿနာကိုမဆို ကြုံတွေ့ခဲ့ရသည့် အိမ်ထောင်စုများ၏ ၂၁ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာအကူအညီများ[5]ကို လက်ခံရရှိခဲ့ပါသည်။

**အစိုးရမှ ပေးအပ်သော အကူအညီ၊ အထောက်အပံ့များသည် အိမ်ထောင်စုများအတွက် အထောက်အကူ ဖြစ်ခဲ့သော်လည်း အဆင်းရဲအနွမ်းပါးဆုံး အိမ်ထောင်စုများအပေါ် ကျရောက်သည့် သက်ရောက်မှုများကို လုံလောက်စွာ လျှော့ချပေးနိုင်ခဲ့ခြင်း မရှိပါ။** ဩဂုတ်လတွင် ဆောင်ရွက်ခဲ့သော စစ်တမ်းတွင် အိမ်ထောင်စုများအတွက် အစိုးရ၏ အကူအညီသုံးမျိုးကို မှတ်တမ်းတင် နိုင်ခဲ့ပါသည်။ စားနပ်ရိက္ခာအကူအညီများ (အိမ်ထောင်စုများ၏ ၁၆ ရာခိုင်နှုန်းမှ ရရှိခဲ့သည်)၊ ငွေသား ထောက်ပံ့ကြေး[6] (အိမ်ထောင်စုများ၏ ၁၈ ရာခိုင်နှုန်း) နှင့် မြန်မာငွေ ၁၁,၅၀၀ ကျပ်ခန့်နှင့်ညီမျှသည့် ပထမဆုံးသုံးစွဲသည့် လျှပ်စစ်ဓာတ်အား ၁၅၀ ယူနစ်ကို လစဉ်ကင်းလွတ်ခွင့်ပေးခြင်း (အိမ်ထောင်စုများ၏ ၃၁ ရာခိုင်နှုန်း)[7] တို့ဖြစ်ပါသည်။ အလုပ်ရှိသည့် အဓိကလုပ်သားတစ်ဦးရှိသော အိမ်ထောင်စုများ (၁၅ ရာခိုင်နှုန်း)နှင့် နှိုင်းယှဉ်လျှင် အလုပ်လက်မဲ့ဖြစ်နေသော အဓိကလုပ်သားတစ်ဦးရှိသည့် အိမ်ထောင်စုများ (၂၄ ရာခိုင်နှုန်း) သည် စားနပ်ရိက္ခာအကူအညီများကို ပိုမို လက်ခံရရှိပါသည်။ သို့သော် ငွေသားထောက်ပံ့ကြေးများနှင့် လျှပ်စစ်မီတာ လျှော့ပေါ့ပေးခြင်းများတွင်မူ ထိုသို့မဟုတ်ပါ။ အစိုးရ၏ ကူညီထောက်ပံ့ ပေးမှုများသည် ဆင်းရဲနွမ်းပါးသူများကို ဦးစားပေးခြင်းရှိဟန် မတူပါ။ ငါးစိတ်ပိုင်းများအားလုံးတွင် စားနပ်ရိက္ခာအကူအညီ သို့မဟုတ် ငွေသား အကူအညီလက်ခံရရှိသော အိမ်ထောင်စုများ ရာခိုင်နှုန်းမှာ အတူတူပင် ဖြစ်ပါသည်။ အောက်ဆုံး ငါးစိတ်ပိုင်း အတွင်းရှိ အိမ်ထောင်စုများ၏ ကြီးမားသော ရာခိုင်နှုန်းသည် စားသုံးမှုကို လျှော့ချခြင်း၊ စုဆောင်းငွေများကို အသုံးပြုခြင်း၊ သို့မဟုတ် မိသားစုနှင့် မိတ်ဆွေများထံမှ ငွေချေးခြင်း နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်း ကြပါသည်။ အဆိုပါနည်းလမ်းများ အသုံးပြုခြင်းသည် အာဟာရ၊ ပညာရေးနှင့် လူသားဖွံ့ဖြိုး တိုးတက်မှုအတွက် အခြားနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများအပေါ် ရေရှည် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

**ဩဂုတ်လတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် နည်းလမ်းများအကြောင်း ဗဟုသုတများမှာ မြင့်မားပါသည်။** သို့သော် အဓိကကျသည့် နည်းလမ်းအချို့ ကျင့်သုံးမှုကိုမူ ပိုမိုထိရောက်ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ အိမ်ထောင်စုများ၏ ၉၅ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို လျှော့ချရန် နည်းလမ်းများအား ရင်းနှီးကျွမ်းဝင်မှု ရှိပါသည်။ နှာခေါင်းစည်းများ သို့မဟုတ် လက်အိတ်များ /လက်ဆေးခြင်းများ သို့မဟုတ် နှစ်မျိုးစလုံးကို အသုံးပြုသည်ဟုဆိုသော အိမ်ထောင်စုများမှာ ၈၀ ရာခိုင်နှုန်းကျော် ရှိပါသည်။ သို့သော် အခြားသူများနှင့် ထိတွေ့မှုများကို ရှောင်ကြဉ်သည်ဟုဆိုသော အိမ်ထောင်စုများမှာ ၄၀ ရာခိုင်နှုန်းသာ ရှိပြီး အခြားသူများနှင့် စကားပြောနေစဉ် ခပ်ခွာခွာနေသည်ဟုဆိုသော အိမ်ထောင်စုများမှာလည်း ၁၁ ရာခိုင်နှုန်းသာ ရှိပါသည်။

---

၁ လူမှုဘဝဖူလုံပြည့်စုံမှု ငါးစိတ်ပိုင်းများအား တန်ဖိုးများ အစားထိုး တွက်ချက်သည့် နည်းစနစ် (imputations) တစ်ခုထက်မကနှင့် အဆင့်လိုက် တွက်ချက်သည့် regression များ အသုံးပြု၍ ခန့်မှန်းထားသော စုစုပေါင်း စားသုံးမှုဖြင့် တိုင်းတာပြီး consumption distribution တစ်ခုလုံးကို imputation များဖြင့် continuous interval ငါးခုအဖြစ် စိတ်ပိုင်းထားပါသည်။

၂ LIFT. 2019. Farming systems analysis in Myanmar: Methodological background, selected case studies and synthesis of field-based studies across 5 states and regions of Myanmar

၃ သီးခြားဖော်ပြချက်မရှိလျှင် မေလနှင့် ဇွန်လအကြား တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စုများ (ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ) အတွက် နှိုင်းယှဉ်ရန် ရည်ညွှန်းကာလမှာ မေလ ဖြစ်ပါသည်။ ဇွန်လမှ စတင်တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများ (အစားထိုးအိမ်ထောင်စုများ) အတွက် နှိုင်းယှဉ်ရန် ရည်ညွှန်းကာလမှာ မတ်လ ဖြစ်ပါသည်။ ဤနည်းသည် ကိုဗစ်-၁၉ နှင့် ဆက်နွယ်သော စီးပွားရေးအပြောင်းအလဲများ ပိုမိုထိရောက်စွာ အမိအရ မှတ်တမ်းတင်နိုင်စေပါသည်။

၄ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ၂၀၂၀

၅ စစ်တမ်းဒီဇိုင်းသည် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်ပေးနေသည့် စားနပ်ရိက္ခာထောက်ပံ့မှု အစီအစဉ်အမျိုးမျိုးကို ခွဲခြားကောက်ခံခဲ့ခြင်း မရှိကြောင်း သတိပြုစေလိုပါသည်။

၆ စစ်တမ်းဒီဇိုင်းသည် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်ပေးနေသည့် စားနပ်ရိက္ခာထောက်ပံ့မှု အစီအစဉ်အမျိုးမျိုးကို ခွဲခြားကောက်ခံခဲ့ခြင်းမရှိပါ။ သို့သော် ငွေသားထောက်ပံ့ကြေးများသည် မြန်မာကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀ အကြားတွင် ရှိကြောင်း သိရှိရပါသည်။

၇ လျှပ်စစ်ဓာတ်အားခ ကင်းလွတ်ခွင့်ပေးသည့် အစီအစဉ်သည် ပြည်သူအားလုံးအတွက်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံးငါးစိတ်ပိုင်းအတွင်းရှိ အိမ်ထောင်စုများ၏ ၆၈ ရာခိုင်နှုန်းသည် အစိုးရဓာတ်အားလိုင်းကွန်ရက်မှ လျှပ်စစ်ဓာတ်အားကို ရရှိနေသဖြင့် ထိုငါးစိတ်ပိုင်းအတွင်းရှိ အိမ်ထောင်စု ရာခိုင်နှုန်းအမှန်သည် စစ်တမ်းမှရရှိလာသော ရလဒ်များထက် ပို၍ မြင့်မားနိုင်ပါသည်။

**မတ်လရှိ လုပ်ဆောင်မှုအမျိုးအစားများအလိုက် စစ်တမ်းကောက်ယူသည့် လတစ်လချင်းစီတွင် အလုပ်မရှိသော အိမ်ထောင်စုများ၏ အဓိကလုပ်သားများ ရာခိုင်နှုန်း**




မှတ်ချက် – လုပ်ဆောင်မှုအမျိုးအစားများဆိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လမတိုင်မီ အိမ်ထောင်စုများ၏ အဓိကလုပ်သားများ လုပ်ကိုင်သော လုပ်ဆောင်မှုများ ဖြစ်ပါသည်။

**စားသုံးမှုငါးစိတ်ပိုင်းများအလိုက် ပိုနည်းသောဝင်ငွေများ ရရှိသည့် အိမ်ထောင်စုများ၏ အဓိကလုပ်သားများ ရာခိုင်နှုန်းနှင့် စီးပွားရေးလုပ်ငန်းမှ ပိုနည်းသော ဝင်ငွေများ/ လွှဲပို့ငွေများ ရရှိသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း**

